

# မိုဃာလျှန်းဝေ

## ကြင်နာမိုးလေးစွေလျှည့်ပါ

ပန်းချီ မောင်မောင်တိုးအဖွဲ့

# (၁)

နှင်းမှုန်နှင်းစက်လေးများ လေထဲတွင် ပျံဝဲနေသည် ။ နေဝင်ဖျိုးဖျ အချိန်ကာလမို့ ရာသီဥတုက နေ့ထက် ပိုအေးစိမ့်လာသည် ။ အသော့လေး နှင်လာသော လေထုမှာ သင်းပျံ့သော ပန်းရနံ့များ ယီးလေးခိုနေသည် ။

အာကာမြင့်သူက ကားကိုမှန်မှန်လေး မောင်းနေသည် ။ လေဝင်ပေါက်မှ ဝင်လာသော အေးအေးမွှေးမွှေးလေကို တဝရှူလိုက်သည် ။ ရင်ထဲတွင် ပေါ့ပါးကြည်နူးသွားသည် ။

"ဖွတ် ...ဖွတ်...ဖုန်း"

ကားစက်ခေါင်းမှ ထွက်ပေါ်လာသောအသံ။ သည် အသံကြောင့် အာကာမြင့်သူ၏ ကြည်နူးစိတ်တွေ ချက်ချင်းပျောက်သွားသည် ။ ကားကလည်း တုံ့ခနဲရပ်သွားသည် ။

"တောက် ..."

အာကာမြင့်သူ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည် ။ ကော့ပျံနေအောင် ဆင်ထားသော လင့်ခရူဆာကားကြီးက ပညာပြနေပြီ ။

"ဂျိမ်း..."

လမ်းဘေးမှာ ထိုးရပ်နေသော ကားပေါ်မှ ဆင်းသည် ။ တံခါးကို

ဆောင့်ကြီး အောင့်ကြီးနှင့် ပိတ်သည် ။ ကားဘောနပ်ဖုံးကို ဖွင့်သည် ။ ကားအကြောင်းကို နားသိပ်မလည်ပါ။ ဒါကြောင့် မို့ ဝပ်ရှော့ဆရာနှင့် သေသေချာချာပြုပြင်ထားခါမှ ...

အာကာမြင့်သူ တောက်တစ်ချက်ထပ်၍ မကျေမချမ်းခေါက်လိုက်ပါသည် ။ ကားစက်ခေါင်းထဲ ခေါင်းငုံ့ပြီး ဟိုနှိုက် ဒီနှိုက်နှင့် အလုပ်ရှုပ်နေသည် ။

တစ်ဖန် ကားပေါ်တက်ပြီး စက်နှိုးသည် ။

"ဂွီ ... ဂွီ ... ဂွီ ..."

ကားက တဂွီဂွီနှင့် စက်ကတုတ်တုတ်မှ မလှုပ်။ ခေါင်းကိုတဖြင်းဖြင်းကုတ်ပြီး ကားပေါ်မှ ပြန်ဆင်း စက်ခေါင်းကိုနှိုက်ပြန်သည် ။

ဘေးမှ ရပ်ကြည့်နေလျှင် သူလုပ်ပုံက တော်တော်ကိုရယ်စရာကောင်းနေသည် ။ သူ၏ ပတ်ဝန်းကျင်ကို လှည့်၍ လေ့လာသည် ။ လမ်းသွားလမ်းလာ ကားတစ်စီးမှ မရှိ။ အကူအညီရဖို့ မျှော်လင့်ချက်မရှိ။ ခပ်လှမ်းလှမ်းမှာ အဆောက်အအုံတစ်ခုတွေ့သည် ။ သွား၍ အကူအညီတောင်းလျှင် ကောင်းမလားဟု စိတ်ကူးသည် ။

"လုပ်ကြည့်ပါဦးမယ်လေ"

ဆီလိုက် မီးလိုက် စမ်းကြည့်သည် ။ ပြီးတော့ စက်ကိုနှိုးကြည့်သည် ။ ထူးမခြားနား။ ကားက စက်နှိုး၍ မရသေး။

"ကျွတ်..."

စုတ်တစ်ချက်သပ်ပြီး ကားပေါ်မှ ဆင်း၏။ စိတ်တိုတိုနှင့် ကားကို ခြေထောက်နှင့် တစ်ချက် ကန်လိုက်ပြန်သည် ။ စက်ခေါင်းထဲ

ခေါင်းငုံ့ပြီး အပြစ်ရှာနေပြန်သည် ။

"ဘာဖြစ်နေလဲ ဆရာ"

သူ့နောက်နားမှ ရုတ်တရက် ထွက်ပေါ်လာသော အသံ။ အာကာမြင့်သူ ချာခနဲလှည့်ကြည့် လိုက်သည် ။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် လူထွားတစ်ဦး။

"ဩော်… စက်နှိုးလို့ မရလို့ "

"ကျွန်တော် ကြည့်ပေးရမလား"

အာကာမြင့်သူ ဝမ်းသာသွားသည် ။ မဏိမေခလာနတ်သမီးနှင့် ရေနစ်နေတုန်း တွေ့ရသလိုနေမှာ ။

"နားလည်ရင် ကြည့်ပေးပါဗျာ"

ထိုသူက ကားစက်ခေါင်းထဲ ခေါင်းငုံ့ကြည့်ပြန်သည် ။ ကာဗရိုက်တာ ၊ ဒစ္စဗျူတာ အားလုံးကို စစ်ဆေးကြည့်သည် ။ ပြီးမှ ကားဘက်ထရီခေါင်းကို ကြည့်မိသည် ။ နတ်နှစ်ခုစလုံးကို ကိုင်ကြည့်သည် ။

"ဟာ… ဆရာက တော်တော်နောက်တာပဲ"

"ဘာလဲ နောင်ကြီးရဲ့ "

"ဘက်ထရီခေါင်းချောင်တာဗျ"

"ဟာ… ဟုတ်လား"

"ဟုတ်ပ့ါဗျာ၊ ဟား…ဟား…ဟား…"

"မသိပါဘူးဗျာ"

အာကာမြင့်သူ ရှက်ရှက်နှင့် ခေါင်းကို ကုတ်လိုက်သည် ။ ဟုတ်ပ့ါ။

သူ သတိလစ်သွားသည် ။ ဘက်ထရီကိုမှ မကြည့်မိဘဲ။

“ဒါပေါ့ဗျာ…ပညာရှိ သတိဖြစ်ခဲဆိုတာ”

“ဟာ… နောင်ကြီးကလည်း ”

သူ့ကို ပညာရှိလို့ ညွှန်းလိုက်သဖြင့် ကားနှင့် ပတ်သက်၍ ပညာမရှိရှာသော အာကာမြင့်သူ ရှက်ရယ်ရယ်သည် ။

အမြဲတမ်း ဒရိုင်ဘာမောင်းသော ကားကိုစီးသူ အာကာမြင့်သူ ထစ်ခနဲဆို ထိပ်တန်းဝပ်ရှော့မှာ ကားအပ်သူ။ တပည့်တွေနှင့် သာ လွှဲထားသူမို့ ကားပြင်တာကို သေသေချာချာ တစ်ခါမျှ မကြည့်ဖူး။

စီးပွားရေးကို သုံးလေးမျိုးလုပ်နေသော အာကာမြင့်သူဆိုတဲ့ သူဌေးမလေး တလေး၊ ခေါင်းထဲမှာ စီးပွားရေးတွေက သူ့ဦးနှောက်မှာ အပြည့်၊ သူဌေး မလေး တလေးလို့ ခေါ်ရတာလည်း ။ အာကာမြင့်သူမှာ မငယ်တော့။ နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်တော် အစိတ်ဟိုင်းတဲ့ ဘဝကို နှစ်ပေါင်း များ စွာ ကျော်လွန်ခဲ့ပြီ။

Life begins at forty ဆိုတဲ့ အင်္ဂလိပ်စကားလို အသက်လေးဆယ်မှ ဘဝစတယ်ဆိုတဲ့ အရွယ်ကို ရောက်လုပြီ။ သုံးဆယ့်ငါးကို ကျော်ခဲ့ပေပြီ ။ စီးပွားရေးလောကကြီးမှာ သံသရာလည်ရင်း အသက်က ကြီးမှန်းမသိ ကြီးခဲ့ရသော လူပျိုကြီး။

“ကဲ… စက်နှိုးကြည့်ပါဦး”

အာကာမြင့်သူ ကားပေါ်တက်ပြီး စက်နှိုးသည် ။

“ဝူး…”

စက်က အားရပါးရ ထ,အော်သည် ။ ဝူးခနဲနှင့် အရှိန်ပြင်းစွာ ပန်ကာ

ကလည်း လည်နေပြီ။

"အိုကေ"

အာကာမြင့်သူက ပြုံး၍ ကိုမုတ်ဆိတ်ကို ကြည့်လိုက်သည် ။

"ကျေးဇူးပဲ နောင်ကြီး"

"ရတယ်..."

"သွားမယ်ဗျာ"

ကိုမုတ်ဆိတ်က ပြုံး၍ ခေါင်းညိတ်သည် ။ အာကာမြင့်သူက မောင်း၍ ထွက်ခဲ့သည် ။ ထိုနောင်ကြီးက သူ၏ ကားကို မျက်စိတစ်ဆုံးကြည့်ကာ ကျန်ရစ်ခဲ့သည် ။

"ကားတစ်စီးလုံးမောင်းပြီး တော်တော်အူတဲ့ သူ"

အာကာမြင့်သူကို ထောမနာပြုရင်း ပြုံးကျန်ရစ်ခဲ့သည် ။

"တော်တော်ဂြိုဟ်မွှေတဲ့ ကား၊ မန္တလေးကို မမှောင်ခင်ရောက်ချင်ပါတယ်ဆိုမှ ..."

မကျေမနပ်နှင့် ကားကိုသာ ကျိန်ဆဲမိသည် ။ ဒီတစ်ခါသာ ဒရိုင်ဘာမပါဘဲ ခရီးထွက်လာခဲ့ မိသည် ။ ကြုံကြုံဖန်ဖန် ကားက အဖော်မပါမှ ဒုက္ခပေးနေသည် ကို မကျေမနပ်ဖြစ်မိသည် ။ ကားထဲတွင် လူသားဆိုလို့ သူတစ်ယောက်တည်း။ ကားနောက်ခန်းမှာ တော့ မေမြို့က လက်ဆောင်ပေးလိုက်သော သစ်သီးခြင်းများ သာ။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းမိုးနေသည် ။ ကားမီးကို အစွမ်းကုန် ဖွင့်လိုက်သည် ။ လမ်းဘေးတစ်ဖက်တစ်ချက်မှ ညပိုးကောင်းလေးများ အော်သံကို ကြားနေရသည် ။

"ဂျိမ်း..."

ရုတ်တရက် ကားက လမ်းချိုင့်ထဲသို့ ကျသည် ။

"ဂျွတ်... ဂျွတ်..."

"အား..."

သည် အသံတွေက တစ်ပြိုင်တည်း ပေါ်လာသည် ။ အာကာမြင့်သူ မျက်လုံးက ဆန်ကောလို ပြူးဝိုင်းသွားသည် ။ ဂျိမ်းဆိုတာ ကားချိုင့်ထဲကျသံ။ ဂျွတ်ဂျွတ်ဆိုတာ နောက်ကသစ်သီးခြင်းတွေ တစ်ခုနှင့် တစ်ခု ဖိသံ။

"အား..."ဆိုတာ ဘာလဲ။ ဒီလိုအော်နိုင်တာ လူမှ အော်နိုင်တာ။ နောက်ပြီး မိန်းမသံ သေးသေးနွဲ့နွဲ့။

"ဟာ..."

ကားကို ဘရိတ်အုပ်ပြီး အာကာမြင့်သူ ကာပေါ်မှ ဆင်းလိုက်သည် ။ သိချင်ဇောနှင့် ကားနောက်ဘက်သို့ ချက်ချင်းရောက်လာသည် ။ သစ်သီးခြင်းများကြားမှာ လှုပ်လှုပ်ရွရွ ဖြစ်လိုက်တာကို မြင်သည် ။ အုပ်ထားသော ဂုန်နီစကို လှပ်လိုက်သည် ။ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည် ။

"အို..."

"ဟား..."

အာမေဍိတ်သံနှစ်ခု ပြိုင်တူလို ထွက်လာသည် ။ အာကာမြင့်သူ တွေ့လိုက်သည် က ပြူးကျယ်၍ လှပလွန်းသော မျက်ဝန်းအစုံ ပွင့်အာ၍ ဝိုင်းနေသော နှုတ်ခမ်းလေးနှင့် နုနယ်လှပသော မိန်းမငယ်လေး တစ်ဦး။ မည်းနက် ခက်ဝေနေသော ဆံပင်တွေက မျက်နှာပေါ်မှာ ရော

ကိုယ်ပေါ်မှာ ရော ပြန့်ကျဲနေသည် ။

အာကာမြင့်သူ မှ င်တက်မိစွာ သူ့ကိုကြည့်နေသည် ။ ဆံပင်ကလည်း ဖားလျား။ ချောလိုက်တာမှ လည်း မှုန်လို့ ။ ဥစ္စာစောင့်လေးများ လား ဇ ဝေဇဝါ စိတ်ထဲက တွေးထင်မိသည် ။

"ဟာကွာ မဖြစ်နိုင်တာ"

ကလေးကလားအတွေးကို ခေါင်းထဲက ခါထုတ်ပစ်လိုက်သည် ။ မိန်းကလေးကို မှ င်တက်မိစွာ ကြည့်နေပြီးမှ ...

"မင်း ငါ့ကားထဲကို ဘာလုပ်တာလဲ"

"ဟို...ဟို"

"ဟာ... တဟိုဟိုနဲ့ ဘာလုပ်နေတာလဲ၊ ထွက်ခဲ့စမ်း"

သစ်သီးခြင်းတွေကြားတွင် ခွေခေါက်စွာဝပ်နေသော မိန်းကလေး ထွက်လာသည် ။

အဖြူရောင်ဖိုးရိုးဖားရား အဝတ်အစားကြီးနှင့် ဘာပါလိမ့်။

"ဆင်း..."

ကားအောက်သို့ ဆင်းခိုင်းသည် ။

"ကဲ... ပြောစမ်း၊ မင်း ဘယ်သူလဲ"

သူ့ကို ပြူးဝိုင်းသောမျက်လုံးနှင့် ကြည့်နေသော ကြောက်လန့်တုန်ယ င်နေသော မိန်းကလေး၏ လက်ကောက်ဝတ်ကို တင်းတင်းကိုင်၍ မေး သည် ။

"ကျွန်မကို စိတ်မဆိုးပါနဲ့ ရှင်"

"ဘာလို့ ငါ့ကားထဲ ခိုးဝင်တာလဲ၊ ဖြေစမ်းပါ"

မိန်ကလေး၏ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝေ့နေသည် ။

"ကျွန်မလေ သီလရှင်ကျောင်းက ထွက်ပြေးလာတာ"

"ဘာ...ထွက်ပြေးလာတာ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ...မင်းကိုပြန်ပို့မယ်၊ လာ... ကားပေါ်တက်"

"အို...မလုပ်ပါနဲ့ ရှင်၊ မလုပ်ပါနဲ့ "

မိန်းမငယ်လေးက သူ၏ လက်ကို ဆုပ်ကိုင်ပြီး တုန်တုန်ယင်ယင်နှင့် တောင်းပန်သည် ။

"ဘာလို့ ...ထွက်ပြေးတာလဲ"

"ဟိုမှာ ...ကျွန်မကို အတင်းအကျပ်လုပ်လို့ ၊ မနေချင်တော့လို့ "

"ဘာ အတင်းအကျပ်လုပ်တာလဲကွာ"

"သီလရှင်ဝတ်ခိုင်းတာ"

"မင်းက မဝတ်ချင်ဘူးလား"

ခက်ထန်နေသော အာကာမြင့်သူ၏ မျက်နှာကြည့်ပြီး မိန်းကလေးက မျက်လွှာချလိုက်သည် ။

"ဟုတ်..."

"ဘာလို့ ..."

"အစက...ဝတ်ချင်ပါတယ်၊ သူတို့ က ဇွတ်စီမံလို့ "

အာကာမြင့်သူ၏ တည်နေသောနှုတ်ခမ်း ကွေးခနဲကော့တက်သွားသည်။ မိန်းကလေးကို အပြုံးငွေ့နှင့် ကြည့်နေသည်။

"ဘာထူးလဲကွာ၊ မင်းကဝတ်ချင်နေတာ ဝတ်လိုက်ပေါ့"

"ဟင့်အင်း..."

မိန်းကလေး၏ မျက်နှာက မော့သွားသည်။ မျက်ကြောလေးစင်းပြီး အာကာမြင့်သူကို ကြည့်သည်။

"ကျွန်မကို ဒီလိုဗွတ်စီမံလို့ ဘယ်ရမလဲ"

မာနလေး တဝင့်ဝင့်နှင့် ပြောသည်။

မိန်းကလေး၏ စိတ်ဓာတ်ကို အာကာမြင့်သူ ချီးကျူးမိသည်။ အာဂသတ္တိရှင်လေးပဲ။ သူ့ကြည့်ရတာ သန့်သန့်ပြန့်ပြန့်နှင့် ရည်မွန်ပုံရသည်။

"မင်း ဘယ်တုန်းကတည်းက ကားထဲရောက်နေတာလဲ"

"ကားပျက်တုန်းကလေ"

"ဟင် ဟုတ်လား"

"ကားစက်ခေါင်းထဲ ကိုကိုကြီးက ခေါင်းငုံ့နေတုန်း ဝင်ပုန်းနေတာ"

"ဘာ... ကိုကိုကြီးဆိုတာ ငါ့ကိုပြောတာလား"

"အဟင်း... အင်းပေါ့၊ တခြားဘယ်သူရှိဦးမှာ လဲ"

အာကာမြင့်သူ ထပ်မံ၍ ပြုံးမိပြန်သည်။ တကယ့် လူလည်မလေး

"လာပါ ကိုကိုကြီးရယ်၊ သူတို့လိုက်မလာခင် သွားကြပါစို့"

"သူတို့ ဟုတ်လား"

"ဟုတ်တယ်လေ... ကျွန်မပျောက်သွားတာသိရင် လိုက်ရှာလိမ့်မယ်"

"ငါ့ကို အမှုပတ်တော့မှာ ပဲ"

"စိတ်ချပါ။ မန္တလေးရောက်အောင်သာခေါ်သွားပါ"

"ဟိုရောက်တော့ မင်းဘယ်သွားနေစရာရှိလဲ"

"မရှိပါဘူး"

"မရှိဘဲနဲ့ ကွာ၊ သီလရှင်ကျောင်းက ထွက်လာသေး"

"လာပါ ကိုကိုကြီးရယ် သွားကြပါစို့၊ မန္တလေးရောက်ပြီးရင် ကျွန်မဘာသာ လမ်းခွဲသွားပါ့မယ်"

"ကဲ… ကားနောက်ခန်းမှာ ပဲ ပုန်းလိုက်ခဲ့"

"ဟုတ်တယ်နော် တော်ကြာတစ်ယောက်ယောက် မြင်သွားရင် မလွယ်ဘူး"

မိန်းကလေးကို ကားနောက်ခန်းသို့ တင်ပေးလိုက်သည် ။ အာကာမြင့်သူ အရှိန်နှင့် ကားကို မောင်းထွက်ခဲ့သည် ။ ကားမောင်းရင်း နောက်ခန်းတွင် ပါလာသော နုနယ်သည့် မိန်းမလှလေးအကြောင်း

မိန်းကလေးက နုနုငယ်ငယ်လေး၊ သူပြောတာ အမှန်ဆိုရင် သနားစရာပါလား။

စိတ်သဘောထားနူးညံ့သူ အာကာမြင့်သူ၏ ရင်ထဲမှာ ကရုဏာတွေ ပွားနေသည် ။

*

## (၂)

မန္တလေးမြို့ စိန်ပန်းရပ်ရှိ သူ၏ ခြံဝင်းထဲသို့ ကားကိုကွေ့ဝင်လိုက်သည် ။ ထုထည် ခိုင်ခံ့သော တိုက်ကြီး၏ ဆင်ဝင်မှာ ရပ်သည် ။ ကားနောက်ခန်းသို့ အာကာမြင့်သူ သွားသည် ။ ဂုန်နီစတွေကြားမှာ ချစ်စဖွယ် မျက်နှာလေးကို တွေ့ရသည် ။

"ရောက်ပြီလားဟင်"

"လာ…ဆင်းခဲ့…"

သူကမ်းပေးသောလက်ကို မိန်းကလေးကဆွဲပြီး ကားပေါ်မှ ဆင်းသည် ။

"ကျေးဇူးတင်ပါတယ် ကိုကိုကြီး"

အာကာမြင့်သူ၏ မျက်နှာကိုမော့ကြည့်ပြီး ကျေးဇူးတင်စကားဆိုသည် ။

"ကျွန်မ သွားတော့မယ်နော်"

"ဟိတ်…နေဦး"

အာကာမြင့်သူက သူ့ထံပါးမှ လှည့်ထွက်သွားသော မိန်းကလေး၏ လက်ကိုလှမ်းဆွဲသည် ။

"မင်းဘယ်သွားမှာ လဲ"

"ခြေဦးတည့်ရာ"

မိန်းကလေးက ညှိုးငယ်စွာဖြေသည် ။

"ဒီအချိန်မှာ မင်းတစ်ယောက်တည်း လမ်းပေါ် လျှောက်သွားလို့ ရမလား"

"ဒီလောက်ထိကူညီတာ ကျေးဇူး၊ ကျွန်မဘာသာ ကျန်တာကို မီးစင်ကြည့်ကနိုင်ပါတယ်"

ရင်သွေးလို လုပနုနယ်သော မိန်းကလေးတစ်ယောက်အဖို့ အပြင်လောကကြီးတွင် အကာအကွယ်မဲ့စွာ ရပ်တည်ရန်မလွယ်ကူလှပါ။ ဒါကိုမသိနားမလည်သော မိန်းကလေးများ ဗွတ်တရွတ် ထင်တိုင်းကြဲကြလျှင် အမှားတွေ့ပြီး ဘဝပျက်မှာ သေချာလှသည် ။ အာကာမြင့်သူက အတွေးအခေါ် နုငယ်သေးသော ရင်သွေးကိုကြည့်ကာ ရယ်လိုက်သည် ။

"ဟား...ဟား...ရယ်စရာကောင်းလိုက်တာ မိန်းကလေးရယ်၊ မင်းက အပြင်လောကအကြောင်း ဘယ်လောက်သိလို့ လဲ"

"ဘာမှ မသိပါဘူး"

"ဒါနဲ့ များ "

အာကာမြင့်သူက သူမကို အပြုံးလဲ့လဲ့ဖြင့်ကြည့်နေသည် ။

"ကျွန်မမှာ လက်ခြေပါတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ပါတယ်"

"ဟား...ဟား...ဟား..."

မာန်လေးဝင့် မေးလေးပင့်ပြီးပြောနေသော မိန်းကလေးကိုကြည့်ပြီး

ဟားတိုက်ရယ်သည် ။

"ကိုကိုကြီးက ဘာရယ်တာလဲ"

"မင်းကို သဘောကျလို့ ကွ"

"ကဲ...သွားမယ်နော်"

"မသွားနဲ့ ဦး၊ လာ အိမ်ထဲလိုက်ခဲ့ဦး"

"ဘာလို့ လဲဟင်"

မိန်းကလေးက တအံ့တသြနှင့် သူ့ကိုမေးသည် ။

"အေးအေးဆေးဆေး စကားပြောရအောင်"

ကားသံကြားကတည်းက သံပန်းတံခါးကိုဖွင့်ပြီး အသင့်စောင့်နေသော အိမ်စောင့်ကြီးဦးသာ သူ့သခင်လေးနှင့် မိန်းမလှတစ်ယောက် စကားပြောနေ၍ အနားမကပ်ရဲ။

"ဘ ဦးသာ..."

"ဗျာ...ဆရာလေး"

"ကားထဲက အသီးအနှံတွေ လာယူပါဦးဗျ"

"ဟုတ်ကဲ့..."

ဦးသာက အသက်ငယ်သော သူ၏ ဆရာလေးကို အမြဲတလေးတစား ဆက်ဆံသည် ။ သူက အိမ်ကြီးကို အမြဲစောင့်ရှောက်ထားရသူပါ။ အာကာမြင့်သူကို သူ၏ ဇနီးက ထမင်းချက်ကျွေးသည် ။ လင်မယားနှစ်ဦးလုံး သူ့ခြံဝင်းထဲမှာ နေသည် ။ သီးသန့်တိုက်လေး သူတို့ အတွက် ဆောက်ပေးထားသည် ။

ညှော့ခန်းထဲက ခမ်းနားမှုက သူ့အရှိန်အဝါကို ဖော်ပြနေသည်။

"ထိုင်...မိန်းကလေး"

အိညက်နေသော ဆိုဖာနံ့သာရောင်ပေါ် ထိုင်လိုက်သည်။ သူ၏ မျက်နှာချင်းဆိုင်တွင် အာကာမြင့်သူက ထိုင်သည်။

"မင်းအကြောင်းတွေ ပြောပါဦး"

"ကျွန်မအကြောင်းက ဘာမှ ပြောစရာ သိပ်မရှိပါဘူး..."

"ရှိသလောက်ပြောကွာ..."

"ကျွန်မက မေမြို့က သီလရှင်ကျောင်းမှာ ကြီးလာသူပါ..."

"မင်း ဘယ်အရွယ်ကတည်းက ကွန်ဗင့်ရောက်တာလဲ"

"ကျွန်မမှတ်မိသလောက်ဆိုရင် သိတတ်တဲ့ အရွယ်လေး ငါးနှစ်ကတည်းက၊ ဒါပေမဲ့ သူတို့ က မွေးကတည်းက ရောက်တာလို့ ပြောတယ်"

မိန်းကလေးအပြောကြောင့် အာကာမြင့်သူမျက်နှာမှာ အပြုံးလေးတစ်ခု ဖြတ်ပြေးသွားသည်။

"မင်း မိဘတွေကော..."

"အဲဒါလဲ မသိဘူး"

"မင်းကို ဘယ်သူမှ လာမတွေ့ဘူးလား"

"ဟင့်အင်း..."

"ဘယ်တွေရောက်ဖူးလဲ"

"သိတတ်တဲ့ အရွယ်ကတည်းက မေမြို့မှာ ပဲ၊ ဘယ်မှ မရောက်ဖူးဘူး"

"ဩော်…"

အာကာမြင့်သူ မေးကိုလက်ဖြင့်ပွတ်ကာ မိန်းကလေးကို စေ့စေ့ကြည့်နေသည် ။

သူမ၏ မျက်နှာလေးက ကလေးတစ်ယောက်လို အပြစ်ကင်းစင်လှသည် ။

"မင်းနာမည်က…"

"ရင်သွေးပါ"

"ရင်သွေး ဟုတ်လား၊ နာမည်လေးက တစ်မျိုးပဲ"

"သီလရှင်ကြီးတွေက သိမှာ ပေါ့"

"ရင်သွေးမေးပါတယ်၊ သူတို့ က ဘာမှ မသိကြဘူးတဲ့ ၊ ရင်သွေးကိုယ်မှာ လေ မေမေရေးခဲ့တဲ့ စာလေးပဲ ပါလာတာတဲ့ …"

"စာမှာ ဘာတွေရေးထားလဲ"

"ကျွန်မရဲ့ သမီးလေးကို ရင်သွေးလို့ ပဲခေါ်ပါ၊ ကျွန်မရင်မှာ ဖြစ်တည်လာတဲ့ ရင်နှစ်သည်းချာလေး၊ အခက်အခဲ ဒုက္ခများကြား မိခင်မေတ္တာဖြင့် လူ့လောကထဲရောက်အောင် ဖွတ်ခေါ်ခဲ့ရတဲ့ ကလေးမို့ ချစ်ရလွန်းသူမိခင်၏ ရင်မှ ဖြစ်လာရသူလေးမို့ ရင်သွေးလေးဟု ကျေးဇူးပြု၍ အမည်တွင် ပါလို့ ရေးထားတယ်"

မိခင်၏ မေတ္တာကို ရင်သွေးမေမေက ဖော်ကျူးခဲ့သည် ။ သည် စာလေးကို သမီး၏ ရင်ခွင်မှာ ထည့်ပေးလိုက်သည် ။

"အဲဒီစာကော…"

"ရင်သွေးထွက်ပြေးလာတော့ မေ့ခဲ့တာပေါ့"

"စာမှာ ကော လက်မှတ်တွေ၊ ဘာတွေ ထိုးမထားဘူးလား…"

"ဟင့်အင်း…ရင်သွေးဘဝမှာ မိဘဆီကပိုင်တာ ဒီစာလေးပဲရှိတာ"

ရင်သွေးကို အာကာမြင့်သူက သနားကရုဏာသက်စွာဖြင့် ကြည့်သည် ။

ကံဆိုးရှာတဲ့ မိန်းကလေးပါလား။

"ကိုကိုကြီး ရင်သွေးသွားပါရစေတော့…"

"မင်းမှာ အသိမိတ်ဆွေမရှိဘူးလား"

"ဟင့်အင်း… ရင်သွေးသိတာ မာသာစင်သီယာ၊ စစ္စတာဘက်တီတို့ ၊ ဖာသာဖနန်တို့ ၊ နောက်ပြီး…"

"အာ…တော်ပြီ ဒီလောက်ဆိုသိပြီ"

အာကာမြင့်သူက ပြုံးပြီးသူ့ကိုလက်ကာပြသည် ။

"ရင်သွေးသိတာ မကုန်သေးဘူး"

"ရင်သွေးသိတာ ဘရာသာ၊ စစ္စတာ၊ ဖာသာ၊ မာသာတွေပဲလား"

"ဟုတ်တယ်…"

"အပြင်လောကက ဘယ်သူ့ကိုမှ မသိဘူးလား"

"ရင်သွေးနဲ့ မတိမ်းမယိမ်း မိန်းကလေးတွေအများကြီးရှိတယ်၊ နိုဗိုက်(စ)တွေလေ"

"နိုဗိုက်(စ)ဆိုတာဘာလဲ"

"သီလရှင်မဖြစ်သေးတဲ့ အလောင်းအလျာတွေပါ"

"နိုဗိုက်(စ)တွေအားလုံးက ဒီလိုပဲ ကွန်ဗင့်က မထွက်ရဘူးလား"

“ဒီအပြင်မိန်းကလေးတွေထွက်ရပါတယ်၊ ရင်သွေးတစ်ယောက်တည်းသာ…”

“ဟင်…ဘာလို့ …”

အာကာမြင့်သူက ရင်သွေးစကားက ထူးဆန်းနေ၍ အံ့ဩမိသည် ။

“ရင်သွေးက သူများ တွေနဲ့ မတူဘူး၊ တချို့က မိဘမရှိတောင် အမျိုးအဆွေရှိသေးတယ်၊ ရင်သွေးက ဘာမှ မရှိလို့ ထင်ပါတယ်”

ရင်သွေးက အသံတိမ်တိမ်လေးနှင့် ပြောသည် ။

“ဖာသာတွေ၊ ဘရာသာတွေအပြင် ယောက်ျားဆိုလို့ တရင်းတနှီးစကားပြောဖူးတာ ကိုကိုကြီး တစ်ယောက်ပဲရှိသေးတယ်”

“ငါ့ကို ကိုကိုကြီးလို့ ဘာလို့ ခေါ်တာလဲ”

“ရင်သွေးရဲ့ ကိုကိုကြီးအရွယ်မို့ပေါ့”

“ဟာ…မဟုတ်တာ၊ ငါကမင်းဦးလေးအရွယ်ပါ”

“မဟုတ်တာ…”

“ဟုတ်တာ အမိလေးရဲ့ ကျုပ်အသက်က သုံးဆယ့်ငါး”

“ဟယ်…မထင်ရဘူးနော်၊ ကိုကိုကြီးက သိပ်နု သိပ်ချောတာပဲ၊ နောက်ပြီး ခန့်လည်း ခန့်တယ်”

ရင်ထဲက ခံစားချက်အတိုင်း ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစွာပြောလိုက်သည် ။ သို့ပေမဲ့ အာကာမြင့်သူက ပွင့်လင်းသော ရင်သွေးစကားကြောင့် နည်းနည်းရှက်သွားသည် ။

“ရင်သွေးမှတ်မိသလောက် အကြောင်းလေးတွေ ပြောပြပါ”

“မေမြို့ မြို့ပတ်လမ်းမှာ ရင်သွေးကြီးပြင်းခဲ့တဲ့ စိန့်ဂျိုးဇက်ကွန်ဗင့် ရှိပါတယ်၊ ငယ်ငယ်ကတည်းက ရင်းနှီးခဲ့ရတာ မာသာစင်သီယာပါ၊ ရင်သွေးရဲ့ မိခင်လို့ ပြောလို့ ရပါတယ်၊ မာသာရဲ့ လက်ပေါ်မှာ ကြီးခဲ့တာပါ”

“ရင်သွေးလို မိန်းကလေးတွေ အများကြီးလား”

“ဟင့်အင်း… ဟိုအရင်တုန်းက များ ပါတယ်၊ နောက်ပိုင်းတော့ မိဘမဲ့ လေးငါးခြောက်ဦး လောက်ပဲ လက်ခံတာ၊ နောက်ပြီး ရင်သွေးတို့လို ဆွေမျိုးညာတိတောင်မရှိတဲ့ မိန်းကလေးတွေကိုမှ မာသာကလက်ခံတာ ”

“စည်းကမ်း သိပ်တင်းကျပ်တာပဲ၊ တစ်ဆက်တည်းရှိနေတဲ့ ဘရာသာတို့ ၊ ရဟန်းလောင်းတို့ ကျောင်းတွေကိုတောင် ရင်သွေးတို့ မသွားရဘူး”

“ဟုတ်လား…”

“ကိုကိုကြီး ကားနဲ့ လာတုန်း တွေ့တယ်မဟုတ်လား၊ အဆောက်အအုံကြီးတွေလေ”

“ရင်သွေးက ကွန်ဗင့်မှာ မပျော်ဘူးလား”

“ဒီနေ့မနက်ထိ ပျော်ပါတယ်”

“ဘယ်လို…”

“ဒီလိုလေ ကိုကိုကြီးရဲ့ ၊ ဒီနေ့မနက်အထိ ရင်သွေးမှာ ဘာဒုက္ခမှ မရှိခဲ့တာ၊ ညနေကျမှ …”

“ညနေကျမှ ဘာဖြစ်လဲ”

ရင်သွေး၏ မျက်နှာမှာ ခက်ထန်မှုတွေ၊ ခံပြင်းမှုတွေကို တွေ့နေရသ

ည် ။

"ရင်သွေးလေ မာသာအခန်းကိုသွားတော့ အခန်းထဲမှာ စကားပြော သံတွေကြားရတယ်၊ တစ်ခါမှ မကြားဖူးတဲ့ ယောကျ်ားတစ်ယောက်အ သံ..."

"သူက ဘယ်သူလဲ"

"ရင်သွေးဘယ်သိမှာ လဲလို့ ..."

ရင်သွေးက သူမ၏ လက်ကလေးနှစ်ခုကို ပွတ်နေသည် ။ နူးညံ့သွယ် ပျောင်းသော လက်ကလေးများက ရင်သွေးစိတ်မငြိမ်တာကို ဖော်ပြနေ သည် ။

"သူတို့ က ဘာပြောလဲ"

"ရင်သွေးကို မြန်မြန်သီလရှင်ဝတ်ပေးဖို့ ပြောတယ်"

"အဲဒီတော့..."

"မာသာက ရင်သွေးသဘောတူမှ ဖြစ်မှာ လို့ ပြောတယ်၊ နောက်ပြီး ရင်သွေးဆယ့်ရှစ်နှစ်ပြည့် ပြီမို့ သူသဘောတူရင် ဝတ်ပေးမယ်လို့ ပြော တယ်"

"အင်း..."

အာကာမြင့်သူက ရင်သွေးမျက်နှာကို စူးစိုက်စွာကြည့်နေသည် ။ ရင် သွေး၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေသည် ။

"အဲဒီလူကြီးအသံက ကြောက်စရာကြီး၊ မာသာနဲ့ စကားများ တယ်၊ ရင်သွေးကို ချက်ချင်း သီလရှင်ဝတ်ပါစေ၊ သူထောက်ပံ့ထားတဲ့ အလှူ ငွေတွေကို မျက်နှာထောက်ပါ၊ ရင်သွေးသီလရှင်ဖြစ်ရင် ထပ်ပြီး ထော

က်ပ့္ဦးမယ္လို႔ ေျပာတယ္”

“ဒါနဲ႔ မာသာကသေဘာတူရေရာလား”

“ဟြန္း...ေဝးေသး၊ မာသာကို ဒီလိုေငြနဲ႔ ဆြယ္လို႔ ဘယ္ရမလဲ၊ မာသာနဲ႔ သူစကားမ်ား ေနတာ၊ လူႀကီးက ဇြတ္သူလိုခ်င္တာကိုေျပာေနတုန္း ရင္ေသြးၿခံထဲ ေျပးဆင္းခဲ့တာ”

“ဒါနဲ႔ ထြက္ေျပးခဲ့ရေရာလား”

“ပထမ ဘာလုပ္ရမွန္းမသိဘူး၊ ရင္ေသြးစိတ္ထဲမွာ တစ္မ်ိဳးပဲ”

“အင္း...ဒီလူက ဘာလို႔ ရင္ေသြးကို ဇြတ္အတင္း သီလရွင္လုပ္ခိုင္းတာပါလိမ့္”

“ဟုတ္တယ္၊ ရင္ေသြးလဲေတြးေနတာ”

“ရင္ေသြးနဲ႔ ပတ္သက္တဲ့ လူပဲျဖစ္မွာ ပါ၊ ရင္ေသြး သူ႔မ်က္ႏွာကိုၾကည့္ခဲ့ေသးလား”

“ဟင့္အင္း...”

“ကဲ...ဆက္ေျပာပါဦး”

“ၿခံစည္းရိုးက ပုဏၰရိုက္ေတြက လူတစ္ရပ္ေလ၊ စိပ္ေနတာ၊ ေခြးတိုးလို႔ ေတာင္မရဘူး၊ ဒါနဲ႔ အျပင္ကို ေခ်ာင္းခ်င္ရင္ ခ်ယ္ရီပင္ေတြရွိတယ္ေလ၊ ရင္ေသြး ငယ္ငယ္ကတည္းက ၿခံစည္းရိုးနားက ခ်ယ္ရီပင္ေတြေပၚတက္ေနက်”

“ဟုတ္လား”

“အဲဒီခ်ယ္ရီပင္ေပၚတက္ၿပီး လမ္းကိုၾကည့္ေတာ့ ကိုကိုႀကီးကားကိုေတြ႔တယ္”

"ဩော်..."

"ဒါနဲ့ ချယ်ရီပင်ကနေ လမ်းကို စည်းရိုးကျော်အောင် ခုန်ချလိုက်တယ်၊ ကိုကိုကြီးကားနဲ့ ဒီကထွက်ပြေးဖို့ လေ"

အာကာမြင့်သူကပြုံး၍ သူ့ကိုကြည့်နေသည် ။

"ကိုကိုကြီး စက်ခေါင်းမှာ အလုပ်ရှုပ်နေတုန်း ရင်သွေးကားထဲ ဝင်ပုန်းနေတာပေါ့"

"ဒါကြောင့် မတွေ့လိုက်တာကိုး..."

"ဂိတ်စောင့်ကြီးတောင် ကိုကိုကြီးကို ကားပြင်ပေးသေးတယ်လေ"

"ဩော် ... သူကဂိတ်စောင့်လား"

"ဟုတ်ပါတယ်"

"သူက ဂေါ်ရခါးကြီးလေ၊ ရင်သွေးတစ်ခါမှ စကားမပြောဖူးပါဘူး"

စည်းကမ်းကြီးလွန်းသည့် လက်မှာ ရင်သွေးကြီးပြင်းခဲ့ရသည် ပဲ။

"ရင်သွေးကို သူတို့လိုက်ရှာမှာ ပဲနော်"

"သေချာတာပေါ့"

"ဟင်း..."

အာကာမြင့်သူ စိတ်မသက်မသာနှင့် လေပူတစ်ချက်မှုတ်လိုက်သည် ။

"ကိုကိုကြီး စိတ်ညစ်သွားပြီလား"

"မညစ်ပါဘူးကွာ"

"ရင်သွေး သူတို့ နဲ့ ပြန်မလိုက်ချင်ဘူး"

“ရင်သွေးကို မာသာတွေက ရင်သွေးလို့ ပဲခေါ်လား”

“အဟင်...ဘယ်ခေါ်မလဲ၊ မာသာက ပြင်သစ်လူမျိုး၊ သူက ရင်သွေးကိုနာမည်ပေးထားတယ်၊ ရေဖျန်းဘာသာဝင်တုန်းက အေမီလို့ ပေးခဲ့တယ်၊ ကွန်ဗင့်မှာ အေမီလို့ ခေါ်တယ်”

“အေမီတဲ့ လား”

“ရင်သွေးကတော့ အမြဲမေမေပေးတဲ့ နာမည်လေးပဲ ကိုယ့်ဘာသာခေါ်တယ်”

အာကာမြင့်သူထံမှ ကရုဏာအကြည့်လေးတစ်ခု ရပြန်သည် ။

“အေမီဆိုတာ ပြင်သစ်လိုခေါ်တာ၊ အင်္ဂလိပ်လို(ဆိုးလ်)လို့ အဓိပ္ပာယ်ရတယ်”

“လူရဲ့ စိတ်ပေ့ါ ဟုတ်လား”

“အဲဒီသဘောပဲနေမှာ ပေ့ါ၊ မေမေ့ရင်ကဖြစ်လာတဲ့ သက်ရှိလူသားလေးတစ်ဦးပေ့ါ”

“ဒါဆို ကိုကိုကြီးက အေမီလို့ ခေါ်ရမလား”

အာကာမြင့်သူက ကျီစယ်ချင်၍ မေးသည် ။

“ဟင့်အင်း...ရင်သွေးလို့ ပဲခေါ်”

“ကောင်းပါပြီ ဒေါ်ရင်သွေးရယ်”

အာကာမြင့်သူက ပြုံးလဲ့လဲ့ဖြင့်ပြောသည် ။ ရင်သွေး၏ အကြောင်းလေးများ သိရတော့ အကာအကွယ်မဲ့ မိန်းကလေးကို တစ်ယောက်တည်း ပစ်မထားရက်ပါ။ ဒါပေမဲ့ မိန်းမတွေနှင့် မပတ်သက်ချင်သောကြောင့် ခက်လှသည် ။

"မာသာဆီကို ရင်သွေးပြန်သွားသင့်တယ်"

"အို…မသွားချင်သေးဘူး"

"ရင်သွေးပြောတာ မရှင်းလိုက်တာ"

"ဒီလိုလေ… အခုမပြန်ချင်သေးဘူး၊ လောကကြီးအကြောင်းကို ရင်သွေးသိချင်သေးတယ်၊ ကွန်ဗင့်ရဲ့ အပြင်လောကကို လေ့လာချင်သေးတယ်၊ အဲဒီစိတ်တိုင်းကျသိပြီးမှ ရင်သွေး သီလရှင်ဖြစ်ချင် သေးတဲ့ ဆန္ဒရှိရင် မာသာဆီပြန်မယ်"

"ဩော်…ဒီလိုလား"

အာကာမြင့်သူ သဘောကျစွာမေးသည် ။

"ဟုတ်တယ်၊ ဒီအတိုင်းပဲ၊ မာသာကြီးက ဆုံးမဖူးတယ်၊ တစ်ခုခုကို မဆုံးဖြတ်ခင် သေသေချာချာစဉ်းစားရမယ်တဲ့ ၊ ဆုံးဖြတ်ပြီးမှ လုပ်တဲ့ အလုပ်က ဘယ်တော့မှ နောင်တမရစေရဘူးတဲ့ ၊ အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးမှ သီလရှင်ထဲ အပြီးဝင်လို့ ရတာ"

"ဩော်…ဟုတ်လား၊အခုရင်သွေးကဘာလဲ"

အာကာမြင့်သူက ဗုဒ္ဓဘာသာမို့ သည် ခရစ်ယာန် အာစီတွေအကြောင်းမသိ။

"အခု…ရင်သွေးက သီလရှင်လောင်းပေါ့"

"ဩော်…"

အဖြူရောင်ဂါဝန်ကြီးနှင့် ရင်သွေးကိုကြည့်ပြီး အာကာမြင့်သူ မေးပြန်သည် ။

"ဒါဆို…ရင်သွေးသီလရှင်မလုပ်ရင် ငရဲကြီးမှာ ပေါ့"

"ဟင့်အင်း...မကြိုးဘူး၊ ရင်သွေးတို့ မှာ လွတ်လွတ်လပ်လပ် ရွေးချယ်လို့ ရတယ်"

"ဒါနဲ့ ဘာလို့ သူတို့ က ဇွတ်ဝတ်ခိုင်းလဲ"

"အဲဒါကို ရင်သွေးမကျေနပ်တာပေါ့"

ရင်သွေးက ဒေါသလေးနှင့် ပြောသည် ။ အဖြူရောင်ဝတ်ရုံကြီးအောက်မှ မို့မောက်သော ရင်လေးက နိမ့်ချည်မြင့်ချည်။

"ဒါနဲ့ ထွက်ပြေးရောလား"

"ပထမ ထွက်ပြေးဖို့ မရဲပါဘူး၊ ဒါပေမဲ့ အဲဒီလူကြီးရဲ့ အသံကြားရတော့ သိပ်ဒေါသဖြစ်ပြီး ထွက်ပြေးခဲ့တာ၊ ရင်သွေးစိတ်နဲ့ ရင်သွေးကိုယ်ပဲ လုပ်ချင်တယ်၊ သူများက လွှမ်းမိုးပြီး လုပ်ခိုင်းလို့ ကတော့ ဘာမှ မလုပ်ဘူး"

အာဂသတ္တိပါလားဟု စိတ်ထဲက အာကာမြင့်သူ ကောက်ချက်ချလိုက်သည် ။ ကိုယ်ပိုင် ခံယူချက်ရှိပြီး ထိုခံယူချက်ကို သတ္တိရှိရှိလုပ်ဆောင်ရဲသော မာနသည် လူတိုင်းမှာ ရှိသင့်သောအရာပါ။ သူတစ်ပါး၏ လွှမ်းမိုးခြင်းကိုခံသူသည် အလွန်စိတ်ဓာတ်အင်အားညံ့သူဖြစ်သည် ။

"သူတို့ ရှာကြလိမ့်မယ်"

"ဒီလူကြီးမှာ အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့ ကိုကိုကြီးထင်တယ်"

"ဟုတ်မှာ ..."

"ဒါဆို လွယ်လွယ်နဲ့ အလျှော့ပေးမှာ မဟုတ်ဘူး ရင်သွေးကို တွေ့အောင်ရှာကြမှာ ပဲ"

"ရင်သွေး ဒီကနေ ဝေးဝေးကိုထွက်ပြေးမယ်"

"ဘယ်လွယ်မလဲ ကလေးရယ်၊ မင်းကသိပ်ချော သိပ်လှနေတော့ ပို လို့ တောင်မလွယ်သေး"

"ရင်သွေးက လှတယ်ဟုတ်လား"

"အင်း... မင်းကိုဘယ်သူကမှ မပြောဘူးလား"

"ကွန်ဗင့်မှာ ဘယ်သူကလာပြောမှာ လဲ၊ ငယ်ငယ်ကတည်းက သနပ် ခါးတို့ ပေါင်ဒါတို့ ဆိုတာ ရင်သွေးတို့ နဲ့ မဆိုင်တဲ့ ပစ္စည်းတွေ"

"ဟုတ်မှာ ပေါ့၊ သီလရှင်တွေဆိုတော့ ဒါတွေမှ မလိုတာ"

"မင်းတို့ ရဲ့ ကမ္ဘာမှာ နေတာက အန္တရာယ်မရှိပေမဲ့ အပြင်လောကမှာ ရှိတယ်ကွဲ့"

"ဘယ်လိုရှိနိုင်တာလဲ"

ရင်သွေးက အူကြောင်ကြောင်မျက်နှာပေးနှင့် မေးသည်။

"မင်းက ကွန်ဗင့်မှာ ကြီးပေမဲ့ ကြားဖူးမှာ ပါ၊ လှတဲ့ မိန်းမတွေကို ယောကျ်ားတွေက ချစ်ရေးဆိုတတ်တယ် ချစ်တတ်ကြတယ်"

"ဟွန်း... သူတို့ ပြောတာ နားမထောင်ဘူးပေါ့"

"အတင်းပြောရင်ကော၊ အတင်းကြံစည်ရင်ကော"

"ရင်သွေးမှာ အဆောင်ရှိတယ်"

"ဘာ..."

"ဒီမှာ လေ..."

ရင်သွေးက သူ့ဂါဝန်ကြီးအိတ်ထဲက ဓားမြှောင်ကိုထုတ်ပြသည်။

"ဒါ သူငယ်ချင်းတစ်ယောက်ပေးထားတာ၊ ရင်သွေးကို

အူကြောင်ကြောင်လာလုပ်ရင် အူပွင့်သွားမှာ ပေါ့”

“သီလရှင်လုပ်မဲ့သူက လူသတ်ရဲမလား”

“အရေးကြုံလာရင် သတ်သင့်သတ်ရမှာ ပေါ့”

ရင်သွေးက မျက်နှာလေးကိုမော့ပြီး မာန်လေးဝင့်ကာ ပြောသည်။

“ဒါဆို ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တယ်ပေါ့”

“ဟုတ်… တစ်ခုပဲစိတ်ညစ်တာ၊ ရင်သွေးမှာ အဝတ်အစားမရှိတာကို ”

အာကာမြင့်သူက ရင်သွေးကိုကြည့်ပြီး စိတ်လည်း ညစ်၊ ရယ်လည်း ရယ်ချင်နေသည်။

“ရင်သွေးရယ်… မင်းအတွက် ရင်လေးလိုက်တာ”

“ဘာလို့ …”

“အပြင်လောကမှာ မင်းဘယ်လို စခန်းသွားမလဲ”

“ရင်သွေးတွေးနေတယ်၊ လွယ်တာတော့ တစ်ခုရှိတယ်”

“ဘာလဲ…”

“ရင်သွေး တွေးနေမိတာကို ပြောရမလား”

“ပြော…”

ရင်သွေးက သူ၏ မျက်နှာကို ရွှန်းရွှန်းစားစားမော့ကြည့်သည်။

“ကိုကိုကြီးနဲ့ လိုက်နေရင်ပြီးရောလေ၊ ရင်သွေးအတွက် စိတ်ချရတာ ပေါ့”

“ဟာ…မဖြစ်နိုင်တာ”

"ဘာလို့ လဲဟင်"

"ငါ ရန်ကုန်ကိုပြန်မှာ "

"ကိုကိုကြီးက ဒီမှာ မနေဘူးလား"

"တစ်ခါတလေ လာတာ၊ ရန်ကုန်မှာ က အမြဲနေတာ"

"ဒါဆို ရန်ကုန်လိုက်မယ်လေ၊ ရင်သွေး ရန်ကုန်ကိုသိပ်သွားဖူးချင်နေတာ၊ ရင်သွေးဒုက္ခမပေး ပါဘူး၊ ကတိပေးပါတယ် ကိုကိုကြီးရယ် "

"ဒီမှ၁ ကြည့်စမ်း၊ မင်းကိုမန္တလေးရောက်အောင်ခေါ်ခဲ့ပြီးပြီ၊ ကျန်တာ မင်းဘာသာ ကြည့်လုပ်တော့"

"တကယ်လို့ သူတို့ လာမေးရင် ဘာပြောမလဲ"

"မင်းကို မတွေ့ခဲ့ဘူး၊ မသိဘူး ပြောမှာ ပေ့ါ"

"ညာတာ ဘုရားမကြိုက်ဘူး ကိုကိုကြီးရဲ့ "

"လာ...လာချည်သေးရဲ့ ၊ မလွယ်တဲ့ မိန်းကလေး"

"ညာသင့်လို့ ညာတာ၊ လိမ်တာလောက်တော့ ဘုရားကခွင့်ပြုပါတယ်ကွာ၊ မင်းကို အဝတ်အစား ဝယ်ဖို့ နဲ့ သုံးစွဲဖို့ ပိုက်ဆံပါ ပေးလိုက်မယ်
"

"ရင်သွေးကတော့ ကိုကိုကြီးနဲ့ ပဲ ရန်ကုန်လိုက်ချင်ပါတယ်"

"မဖြစ်နိုင်ပါဘူးကွာ၊ နောက်ပြီး မင်းက သီလရှင်လုပ်ရမဲ့လူ"

"သီလရှင်မှ မဖြစ်သေးတာ ကိုကိုကြီးရယ်၊ ရင်သွေးကို အစေခံသဘောမျိုးနဲ့ ကော ခေါ်မသွား နိုင်ဘူးလား"

"မင်းကို သူတို့ ရှာကြမယ်၊ မန္တလေးနဲ့ မမြို့ ဘာဝေးတာလိုက်လို့ ၊

ငါနဲ့ အတူနေပေမဲ့ သူတို့ မှတ်မိမှာ ပဲ”

“ဒါဆို ရင်သွေး ယောကျ်ားလေးလို ဝတ်လိုက်ပြီး ကိုကိုကြီးနားမှာ နေမယ်လေ”

“ပေါက်ကရတွေကွာ...”

“ကိုကိုကြီးရယ်...အကြောင်နာတရားမမဲ့ပါနဲ့ နော်၊ ရင်သွေးကိုသနား ပါနော်”

အာကာမြင့်သူ၏ လက်ကို သူမ၏ သေးငယ်သော လက်ကလေးနှင့် ဆုပ်ကိုင်ပြီး တောင်းပန်သည်။

“ကိုကိုကြီးရယ်... ကူညီပါနော်...နော်”

နော်ချင်းထပ်အောင် မျက်နှာငယ်လေးနှင့် ဆိုသည်။

“မဖြစ်ပါဘူးကွာ”

“ရင်သွေးအတွက် တာဝန်မပိုစေရဘူး၊ ကတိပေးပါတယ်...”

အာကာမြင့်သူက ခေါင်းကိုခါဆဲ၊ ရင်သွေး၏ မျက်နှာလေးက ချက်ချင်းညှိုးငယ်နေရာမှ တင်းမာသည်။

“ယောကျ်ားတွေ ဒီလောက်အသည်းမာမှန်း ရက်စက်မှန်း အခုမှ သိတော့တယ်၊ ပထမ ကွန်ဗင့်ကို လာတဲ့ လူကြီး၊ အခု ကိုကိုကြီး၊ စတွေ့တုန်းက အထင်ကြီးခဲ့သမျှ သွားပြီ”

“ဘာတွေ အထင်ကြီးခဲ့လို့ လဲ”

အာကာမြင့်သူက စူးစမ်းစွာမေးသည်။

“ရင်သွေးထင်တာလေ၊ ကိုကိုကြီး စိတ်ဓာတ်ရေးရာမှာ ကြံ့ခိုင်မယ်၊ သတ္တိရှိမယ်၊ အမှားအမှန်ကို ခွဲတတ်မယ် ထင်ခဲ့တာ၊ နောက်ပြီး...”

"ကဲ…ဆက်ပါဦး"

ရင်သွေးက စကားကိုခေတ္တတန့်ပြီး သူ့ကိုမဝံ့မရဲကြည့်နေသဖြင့်…

"နောက်ပြီး အားနွဲ့သူတွေကို ညှာတာမယ်လို့ ထင်တာ၊ ပြီးတော့ သိပ်လည်း ချောတယ် မဟုတ်လား"

"ဟား…ဟား…ဟား"

ရုတ်တရက် အာကာမြင့်သူ ဝါးလုံးကွဲမျှ ရယ်လိုက်သည် ။ ရင်သွေး၏ စကားက မြှောက်လိုက် ပင့်လိုက်၊ သရော်လိုက်မို့ ရယ်ချင်စရာ၊ သူမ၏ လက်ကလည်း အာကာမြင့်သူ၏ လက်ကို ခပ်တင်းတင်းလေး ကိုင်ထားသည် ။

ရင်သွေး၏ မျက်နှာနုနုလေးကို စေ့စေ့ကြည့်သည် ။ လှလွန်းသော မျက်ဝန်းစိမ်းစိမ်းလေး၊ ရင်သွေး၏ မျက်ဆံက သူများ နှင့် အတူ အစိမ်းရောင်ဖက်နေသည် ။ တမူထူးခြားနေသည် ။ ကော့ညွတ်ကွေးသော မျက်တောင်နက်နက်တွေက ခြံခတ်ထားသည် ။ နှာတံစင်းစင်း မော့မော့လေးက မာန်မာနကြီးကြောင်း လှစ်ပြနေသည် ။

ပန်းသွေးရောင် နှုတ်ခမ်းဖူးဖူးလေးမှာ စုစုထွေးထွေးလေး၊ ပါးမို့မို့နှစ်ဖက်က ဆေးဆိုးထား သကဲ့သို့ သဘာဝဖြင့်လှနေသည် ။ ကိုယ်လုံးလေးက သိပ်မဖွံ့ဖြိုးသေး၊ သေးသေးသွယ်သွယ်လေး။

မျက်စိသူငယ်လေးနှင့် တောင်းပန်တိုးလျှိုးနေသော မိန်းကလေး၏ မျက်နှာမှ မျက်စိကို ပြတင်းပေါက်သို့ ရွှေ့လိုက်သည် ။

"ရင်သွေးရဲ့ ရှေ့ရေးက ငါ့ပေါ်မှာ တည်နေပြီ၊ ငါ့ဆုံးဖြတ်ချက်ပေါ်မှ တည်နေပြီ"

"ကိုကိုကြီးရယ်၊ ရင်သွေးကို ကူညီပါနော်၊ ရင်သွေးမှာ အားကိုးစရာ ကိုကိုကြီးပဲရှိတာပါ"

သူမ၏ နှုတ်ခမ်းလေးတွေက တဆက်ဆက်တုန်နေသည် ။ မျက်လုံးကြည်ကြည် မျက်ရည်တွေ ဥနေသည် ။

"ကောင်းပြီ ကိုကိုကြီးနဲ့ လိုက်ခဲ့"

"အို… ကျေးဇူးတင်လိုက်တာ ကိုကိုကြီးရယ်"

သူ၏ ညာလက်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းဖက်ပြီး ရင်သွေးက ဝမ်းသာအားရဆိုသည် ။

*